ယေရှုဘုရင်ပွဲနေ့ –နိုဝင်ဘာ ၂၆ ၂၀၂၃ ထောက်ရှုချက်

မာတေဦး ၂၅း၃၁–၄၆

၁) ခရစ်တော်ဘုရားရဲ့အုပ်စိုးမှုအောက်မှာ ကျွန်ုပ်တို့ မိမိကိုယ်ကို အပ်နှံရမှာဖြစ်ပါတယ်။ ကျွန်ုပ်တို့ရဲ့စိတ်နှလုံးထဲမှာ ကိုယ်တော်ရဲ့ခမည်းတော်နဲ့အတူ သန့်ရှင်းသောဝိညာဉ်တော်ဘုရားနဲ့ ကိုယ်တော်ဟာ ကျိမ်းဝပ်စံပယ်တော်မူပြီး၊ ကျွန်ုပ်တို့ရဲ့စိတ်ဝိညာဉ်ကို ကိုယ်တော်ရဲ့ကျေးဇူးတော်နဲ့ ပြည့်ဝစေသကဲ့သို့ ကိုယ်တော်ရဲ့ရှေ့မျက်မှောက်တော်မှာ အသက်ရှင်နေထိုင်တတ်အောင် အမြဲတမ်းလေ့ကျင့်ရမှာ ဖြစ်ပါတယ်။ သူ့ရဲ့အလိုတော်ကို ဆောင်ရွက်ရမယ်။ ကိုယ်တော်ရဲ့အခွင့်လွှတ်တဲ့ချစ်ခြင်းကို ကျွန်ုပ်တို့ရဲ့ဝန်းကျင်မှာရှိတဲ့သူတွေဆီ ဖြန့်ဝေရမှာဖြစ်ပါတယ်။ သမ္မာကျမ်းထဲမှာ၊ စက္ကရင်မင်တူးတွေမှာ၊ ဝတ်ပြုကြတဲ့အသင်းအဖွဲ့ ဘာသာဝင်များကြားမှာ ကိုယ်တော်ရှိနေခြင်းကို အမြဲသတိမူနေရမှာဖြစ်ပါတယ်။

၂) ဘုရားကိုယ်တော်ရဲ့နိုင်ငံတော်နဲ့ဆန့်ကျင်တဲ့ရန်သူများကို ကျွန်ုပ်တို့အမြဲတိုက်ခိုက်ခုခံရမှာဖြစ်ပါတယ်။ အကြမ်းဖက်ခြင်းများ ကမ္ဘာတဝန်းလုံးကို ဒုက္ခပေးတဲ့နေရာမှာ ဘုရားရှင်ရဲ့နိုင်ငံတော်ကိုလဲ ထိခိုက်နစ်နာစေပါတယ်။ ဒီအကြမ်းဖက်သမားတွေရဲ့လုပ်ရပ်တွေအထဲမှာ အမိဝမ်းထဲကရှိနေတုံးသန္ဓေသားများကို ဖျက်ချသတ်ဖြတ်ခြင်း၊ မိသားစုများကို ကာအိခြေမဲ့တဲ့ ညစ်ညမ်းရုပ်ရှင်များ၊ တေးဂီတနဲ့သီချင်းများလဲပါဝင်ပါတယ်။ ဘုရားကို လူတွေရဲ့ဘဝမှာအသိအမှတ်ပြုရမယ်ဆိုတာကို ဂရုမစိုက်တော့ဘဲ အဲဒီအသိကိုဖျက်ဆီးပစ်လိုက်တဲ့ လူတွေရဲ့အပြုအမူအများကြီးရှိလာပါတယ်။ ဒါကြောင့် ယေရှုဘုရင်ဟာ ကိုယ်တော်ကိုယုံကြည်အားခြင်းကြီးမားတဲ့ယ နတ်ဆိုးရန်သူတွေကို တန်ပြန်တိုက်ခိုက်ဘို့အတွက် မိမိကိုယ်ကိုအဆင်သင့်ပြင်ဆင်ထားတဲ့ တမန်တော်ကြီးများဖြစ်ကြတဲ့ ကျွန်ုပ်တို့ကိုအလိုရှိပါတယ်။ ပထမဦးဆုံးဆုတောင်းခြင်းအားဖြင့်၊ တွေ့ကြုံရတဲ့ဒုက္ခအခက်အခဲတွေကို စိတ်ပါလက်ပါလက်ခံခြင်း၊

ခရစ်တော်ဘုရားနဲ့အတူတကွ ထိုဒုက္ခတွေကို အဖဘုရားသခင်အားပူဇော်ခြင်း၊ ကျွန်ုပ်တို့ရဲ့အပြစ်နဲ့ လောကကမ္ဘာရဲ့အပြစ်အတွက် ဒဏ်ဆပ်ဖြေခြင်း၊ နောက်ဆုံးတော့ ချစ်ခြင်း၊ နှိမ့်ချစွာအစေခံခြင်း၊ လူအများအတွက် ခံစားရတဲ့ကျေးဇူးတော်များကို ရက်ရောစွာဝေငှခြင်း ဒီနည်းများဖြင့် ကျွန်ုပ်တို့မိမိကိုယ်ကို ပြင်ဆင်ရမှာဖြစ်ပါတယ်။
စစ်မြေပြင်က ကျွန်ုပ်တို့ရဲ့နှလုံးသားဖြစ်ပါတယ်။ စစ်မြေပြင်က ကျွန်ုပ်တို့ရဲ့အိမ်၊ ကျွန်ုပ်တို့ရဲ့ကျောင်း၊ ကျွန်ုပ်တို့ရဲ့လုပ်ငန်းခွင်၊ ကျွန်ုပ်တို့ရဲ့အိမ်နီးနားချင်း၊ ကျွန်ုပ်တို့ရဲ့သာသနာအုပ်စု အတွင်းမှာဖြစ်ပါတယ်။ ဒီနေရာတွေမှာ အသစ်သော၊ စိတ်လှုပ်ရှားစရာကောင်းတဲ့စိန်ခေါ်မှုတွေနဲ့၊ အသစ်သောအခွင့်အလမ်းတွေနဲ့ မှန်ကန်သောအရာတွေကိုလုပ်ဆောင်ဖို့၊ ယေရှုဘုရင်ရဲ့တရားလမ်းအတိုင်း နေထိုင်ပြုကျင့်ဖို့ ဖြစ်ပါတယ်။ အပြစ်နဲ့ အပြစ်သို့ပို့သောလမ်းတွေကို အလျှော့မပေးဘဲ၊ သူတပါးအပေါ် အပြစ်မပုံချဘဲ၊ အားလုံးကို ချစ်ခင်လေးစားပြီး ဆုတောင်းပေးရမှာ ဖြစ်ပါတယ်။ ခရစ်တော်ဘုရားဟာ ကျွန်ုပ်တို့နှလုံးသားမှာ စံပယ်နေသောရှင်ဘုရင်အဖြစ် ထားရှိနိုင်ဖို့ ခိုင်မြဲသော အကြွင်းမဲ့ ကျွန်ုပ်တို့ရဲ့ဘဝကို ကိုယ်တော်ထံအပ်နှံခြင်း၊ လိုအပ်တဲ့ပူဇော်ဆက်ကပ်ခြင်းနှင့်အတူ၊ လုပ်ဆောင်ရမဲ့အရာများကို ကြိုးစားလုပ်ဆောင်ခြင်း၊ နေ့စဉ်နှင့်အမျှ လေးနက်သော ဆုတောင်းခြင်းတွေနဲ့လဲ ကျွန်ုပ်တို့အသက်ရှင်နေရမှာ ဖြစ်ပါတယ်။

(၃) ခရစ်တော်ဘုရားရဲ့ သတင်းတရားတော်ကို ဖြန့်ဝေဖို့အတွက် ကျွန်ုပ်တို့မှာ ရရှိထားတဲ့တန်ခိုးအာဏာကို အသုံးပြုရမှာဖြစ်ပါတယ်။ ဒီပွဲတော်ဟာ ဩဇာအာဏာရှိတဲ့ ကျွန်ုပ်တို့အားလုံးကို ဖိတ်ခေါ်ပါတယ်။ တိုင်းနိုင်ငံကိုအုပ်ချုပ်တဲ့အလုပ်မှာ ပါဝင်တဲ့သူတွေရော၊ ရုံးတွေမှာ ဌာနဆိုင်ရာတွေမှာ အလုပ်လုပ်ကြတဲ့သူတွေသော်လည်းကောင်း၊ ပညာရေးဌာနတွေမှာသော်လည်းကောင်း၊ မိသားစုထဲမှာသော်လည်းကောင်း ခရစ်တော်ဘုရားအတွက် အသုံးပြုရမှာ ဖြစ်ပါတယ်။ ဘုရားပေးထားတဲ့

လုပ်ပိုင်ခွင့် အာဏာတွေကို ချစ်ခြင်းမေတ္တာနှင့် ဂရုဏာသနားခြင်းနှင့် ဘုရားကိုယ်တော်ကဲ့သို့ သူတပါးကို အစေခံဘို့အတွက် ကျွန်ုပ်တို့အသုံးပြုရမှာ ဖြစ်ပါတယ်။ ပိုပြီးတရားမျှတတဲ့ လူ့အသိုင်းအဝိုင်းကို တည်ဆောက်ဘို့ အသုံးပြုရမှာဖြစ်ပါတယ်။ မိဘမျှာအနေနဲ့ ဘုရားပေးထားတဲ့ လုပ်ပိုင်ခွင့် အာဏာတွေကို သားသမီးများ ခရစ်ယာန်ရဲ့တန်ဘိုးတွေနဲ့ကြီးထွားနိုင်ဘို့၊ ခံယူချက်ပြည့်ဝတဲ့ ခရစ်ယာန်တဦးကဲ့သို့အသက်ရှင်နေထိုင်နိုင်ဘို့ အသုံးပြုရမှာဖြစ်ပါတယ်။

ဒီနေရာမှာသတိထားမိတဲ့အချက်တွေက ဘယ်ပညတ်တော်ကိုလိုက်နာလို့ ဘယ်ပညတ်တော်တွေကို ချိုးဖောက်နေကြသလဲဆိုတာ မပါပါဘူး။ လူတွေဟာ သူတို့ပြုလုပ်တဲ့အရာတွေအပေါ်မှာ စီရင်ခြင်းခံရတာထက် ဘာတခုမှမလုပ်တဲ့အတွက်ကြောင့်စီရင်ခြင်းခံရတာ တွေ့ရပါတယ်။ လုပ်သမျှအရာအားလုံးဟာ သခင်ယေရှုဆီကို ဦးတည်တဲ့အရာများ ဖြစ်ရမှာဖြစ်ပါတယ်။ တနည်းအားဖြင့် သခင်ဘုရားဟာ ကျွန်ုပ်တို့တွေ့ကြုံရတဲ့လူတိုင်းလူတိုင်းရဲ့ဆီမှာ ရှိနေတယ်ဆိုတာကို သတိရနေရမှာ ဖြစ်ပါတယ်။

သိုး–ဆိုတဲ့အဖွဲ့ထဲမှာ ရေတွက်ခြင်းခံချင်ရင်တော့ ကျွန်ုပ်ဟာ ကိုယ်တော်ရဲ့ချစ်ခြင်းမေတ္တာနဲ့ပြည့်ဝတဲ့လူ ဖြစ်ရပါမယ်။ ဒီလမ်းစဉ်ဟာ ဘုရားကကျွန်ုပ်ကိုချစ်တဲ့လမ်းစဉ်ဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းတွေကို ပြည့်စုံအောင်ဖြည့်စွမ်းရုံနဲ့မပြီးပါဘူး။ ကျွန်ုပ်ဟာ ကောင်းတဲ့ဘာသာဝင်တဦးဖြစ်နေပါပြီ ဆိုပြီး ပြောလို့မရပါဘူး။ ကျွန်ုပ်ရဲ့ပုံမှန် သမရိုးကျလမ်းကြောင်းကိုဖယ်ထားပြီး မေတ္တာနဲ့ လိုအပ်တဲ့သူတွေဆီကို ရောက်သွားရမှာဖြစ်ပါတယ်။ ဆာလောင်မွတ်သိပ်သူ၊ ရေငတ်သူ၊ လူစိမ်း၊ ဆင်းရဲသူ၊ အဝတ်အချည်းစည်းရှိသောသူ၊ နာမကျန်းသူ ထောင်ထဲမှာဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသူများ ဖြစ်ပါတယ်။ ဘယ်လို ဘာကြောင့်ဖျားသလဲ နာသလဲဆိုတာ အရေးမကြီးပါဘူး။

မူးယစ်ဆေးကြောင့်လား၊ သေရည်သေရက်ကြောင့်လား၊ အခြားမှားယွင်းသော ကိုယ်ကျင့်တရားတခုခုကြောင့်လား။ ဘာဖြစ်လို့ထောင်ထဲမှာ ချုပ်နှောင်ခြင်းခံရပါသလဲ။ လူသတ်လို့လား၊ တပါးသူကိုပြစ်မှားလို့လား၊ အကြမ်းဖက်လို့လား၊ ဒီလူတွေဟာ ကောင်းတဲ့အခြေအနေဖက်ကို ပြန်လှည့်လာဘို့အတွက် လိုအပ်နေကြလို့ ဒီလူတွေကို ချစ်ခင်ရမယ် ဆိုပြီး သင်ခန်းစာရရှိပါတယ်။

ဒါဟာ ဒီရှင်ဘုရင်ကို ဘယ်လိုဘယ်ပုံအစေခံဘို့အတွက် ကျွန်ုပ်ဟာဖိတ်ခေါ်ခြင်းခံရပါတယ်။ ကိုယ်တော် အစေခံလိုတဲ့ပုံစံကတော့ အကျွန်ုပ်ဟာ ညီအစ်ကိုမောင်နှမများကိုဂရုစိုက်ခြင်း၊ စိတ်ကောင်းနှလုံးကောင်းနဲ့ နေရာတိုင်းမှာ အများအတွက်အသက်ရှင်ခြင်းဖြစ်ပါတယ်။ အထူးသဖြင့် ကိုယ်တော်နဲ့ဝေးကွာနေသောသူများအတွက်၊ လောကမှာကို ပြည့်စုံစွာကြွယ်ဝစေသောအရာများကို မခံရသေးသောသူများအတွက် အသက်ရှင်ရမှာဖြစ်ပါတယ်။ ပစ္စည်းဉစ္စာနဲ့ပတ်သက်၍သော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ ကိုယ်ကျင့်တရားအရသော်လည်းကောင်း၊ ဝိညာဉ်ရေးအရသော်လည်းကောင်း ချို့တဲ့သူများကို ကျွန်ုပ်တို့အစေခံရမှာ ဖြစ်ပါတယ်။

(၄) ယေရှုဘုရင်ဟာ ကျွန်ုပ်တို့ရဲ့ ကိုယ်ပိုင်အသက်တာမှာရော၊ မိသားစုအတွင်းမှာရော၊ လူမှုအဖွဲ့အစည်းတွေမှာရော၊ လောကထုံးစံမှာရော၊ ရှင်ဘုရင်အဖြစ်အုပ်စိုးရမှာဖြစ်ပါတယ်။

ဆုတောင်းမေတ္တာအားဖြင့်သော်လည်းစကောင်း၊ စက္ကရင်မင်တူးများကို ခံယူခြင်းအားဖြင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့ရဲ့စိတ်နှလုံးထဲမှာ ကိုယ်တော်ကို ရှင်ဘုရင်အဖြစ်လက်ခံခြင်းအားဖြင့် ကိုယ်တော်နဲ့ အမြဲတမ်းအဆက်အသွယ်ရှိကြမှာ ဖြစ်ပါတယ်။